ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project(NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ညောင်ပင်သာအုပ်စု၊ နေတောကျေးရွာ

မေလ၊ ၂၀၁၇ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့နယ်မြေပုံ



# ညောင်ပင်သာကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ ညောင်ပင်သာ ကျေးရွာ

၂။ ကြက်တက်ညောင်ပင် ကျေးရွာ


၃။ နေတော ကျေးရာ

စုစုပေါင်းကျေးရွာအရေအတွက် ( ၃) ရွာဖြစ်ပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၀ | ၄၅ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | ၂၇ | ၅၁ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | ၂၇ | ၅၁ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၈ | ပြဿနာသစ်ပင်(ကျား) | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | | ၂၄ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်းအကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၉ | ပြဿနာသစ်ပင်(မ) | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | | ၅၄ | ၅၄ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်းအကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၁၀ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၃.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၂၈ | ၅၅ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |


E
N
S
W

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတောကျေးရွာ၏ အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်များ

နေတောကျေးရွာသည်ကျောက်ကြီးမြို့နယ်၏မြောက်ဘက်တွင်တည်ရှိသောကျေးရွာငယ်လေးတရွာဖြစ်ပါသည်။ကျေးရွာ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းကိုလုပ်ကိုင်ကြပြီး၊လူနည်းစုမှာလက်လုပ်လက်စားကျဘန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်အမျိုးသားဦးဆောင်အိမ်(၄၇)အိမ်ရှိပြီး၊အမျိုးသမီးဦးဆောင်အိမ်(၅၃)အိမ်ရှိပါသည်။ကျေးရွာ၏အိမ်ခြေစုစုပေါင်းမှာ(၅၃)ရှိပြီး၊အိမ်ထောင်စုအရေအတွက်မှာ(၅၃)ဖြစ်ပါသည်။ကျေးရွာရှိအမျိုးသားဦးရေမှာ(၅၂၆)ဦးဖြစ်ပြီးအမျိုးသမီးဦးရေမှာ(၅၁၃)ဦးရေရှိပါသည်။ကျေးရွာ၏မြောက်ဘက်တွင်ညောင်ပင်သာကျေးရွာ၊အနောက်ဘက်တွင်မြောက်မှတောင်သို့သွယ် တန်းနေသောချောင်းငယ်တခုရှိပါသည်။ကျေးရွာ၏တောင်ဘက်တွင်ကြက်တက်ညောင်ပင်ကျေးရွာနှင့်နယ်နိမိတ်ချင်းထိစပ်နေပါသည်။ကျေးရွာ၏အရှေဘက်တွင်ပဲခူးရိုးမတောင်တန်းကြီးရှိပါသည်။ကျေးရွာ တွင်ပညာရေးနှင့်ပက်သက်ပြီးမူလတန်းကျောင်းတကျောင်းရှိပါသည်။ကျေးရွာသူ/ကျေးရွာသားများသည်ဘာသာတရား အလွန်ကိုင်းရှိုင်းကြပါသည်။ ရွာ၏အဝင်တွင်ဟိန္ဒူဘုရားကျောင်းတည်ရှိပါသည်။

## လမ်းပမ်းဆက်သွယ်ရေး

ကျေးရွာသည်ကျောက်ကြီးမှ(၂၆)မိုင်ခန့်ကွာဝေးပါသည်။ကတ္တရာလမ်းဖြစ်၍သွားလာရေးကောင်းပါသည်။ကျေးရွာတွင်းလမ်းများမှာသဲလမ်းများဖြစ်ပါသည်။တောင်ငူ/မုပ္ပလင်မကြီး၏ဘေးတွင်တည်ရှိသောရွာဖြစ်သောကြောင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာလေးတရွာဖြစ်ပါစသည်။ရွာလူထုမှာထိုလမ်းမကြီးအားအသုံးပြုပြီးကုန်သွယ်ရေးကိုအဓီကထားလုပ်ကိုင်ကြပါသည်။လယ်ယာထွက်သီးနှံများအားမြို့သို့တင်ပိုရာတွင်လည်းအဂေ့းပါလှသည်။

## ကျမ်းမာရေး

ကျေးရွာတွင်ကျမ်းမာရေးဆေးပေးခန်းမရှိသဖြင့်ကြက်တက်ညောင်ပင်ကျေးရွာဆေးပေးခန်း၌ကုသကြသည်။ကျမ်းမာရေးအတွက်အလွန်အခက်အခဲရှိလာမှသာမုန်းနှင့်လှည်းလမ်းကူးသို့သွားရောက် ဆေးကုသမှုခံယူကြရပါသည်။ ထိုကြောင့် ကျမ်းမာရေး ပြသနာအခက်အခဲ ရှိပါသည်။

ပြဿနာအခက်အခဲအနှစ်ချုပ်

ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးမှာမြေသားလမ်းဖြစ်သောကြောင့်မိုးတွင်းကာလတွင်သွားရေး၊လာရေးအခက်အခဲရှိပါသည်။ပညာရေး၊ကျန်းမာရေး၊စီးပွားရေးကိစ္စအဂဂအ တွက်သွားလာရေးအခက်အခဲရှိပါသည်။ကြက်တက်ညောင်ပင်သာကျေးရွာတွင်ရေတံုကင်များရှိ သော်လည်းသောက်သုံးရန်သင့်/မသင့်မသိသော်လည်းရေအခက်အခဲမရှိပါ။ထို့ကြောင့်ကြက်တက်ညောင်ပင်ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေးကြောင့်ကျန်းမာရေးအခက်အခဲများလဲရှိပါသည်။

ပါဝင်ဆွေးနွေးသူဦးရေ-(၄၅)ဦး

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - နေတော                    အုပ်စု -ညောင်ပင်သာ                    နေ့စွဲ - ၃.၃.၂၀၁၇

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိုင်းလုပ်ငန်း | | | | | | | | ★★★ | ★★★ | ★★★ | ★★ | ★★ |
| လယ်ယာလုပ်ငန်း | | | ▲ | ▲▲▲ | ▲▲▲ | ▲▲▲ | | ▲▲ | ▲▲▲ | ▲▲ | | |
| လက်သမား | ♥♥ | | | | | | | | | | ♥♥ | ♥♥ |
| ကျန်းမာရေး | | | ✚✚✚ | ✚✚✚ | | | ✚✚ | ✚✚ | | | | |
| ဝင်ငွေကောင်းချိန် | | | | | | | | | ↷↷ | ↷↷↷ | ↷↷↷ | ↷↷↷ |
| ပွဲတော်ချိန် | ☺☺☺ | | | | | ☺☺☺ | | ☺☺☺ | | | | |
| မိုးများကာလ | ◆ | ◆ | ◆◆ | ◆◆◆ | ◆◆◆ | ◆◆ | ◆ | | | | | |
| ဝင်ငွေနည်းချိန် | ☾☾ | ☾☾☾ | ☾☾☾ | | | | ☾☾☾ | | ☾☾ | | | |

ပံ့ပိုးကူညီသူ - ဦးဟန်ညီချို                    ပါဝင်သူ - ကျား (၂၅) + မ (၂၃)

အညွှန်း - ၃ခု= များ                                        ၂ခု= အလယ်အလတ်

**<u>ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတောကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်များ</u>**

ရက်စွဲ၊ ၃-၃-၂၀၁၇။ ကျေးရွာ - နေတော

နေရာ၊ဘုရားကျောင်း

ကျေးရွာအဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများစိုက်ပျိုးလုပ်ငန်းဖြစ်ပါသည်။မိုးရာသီတွင် စပါးအသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဆောင်းရာသီတွင်မြေပဲ၊မတ်ပဲစသည့်ပဲများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျွဲ၊ နွား၊ ဘဲ၊ ကြက်စသည်တို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ လက်လုပ် လက်စားများသည်မိုးရာသီတွင်ငါးရှာခြင်း၊ဖားရိုက်ခြင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ကျေးရွာ သည် ဂါခေါင်လနှင့်တော်သလင်းလများတွင် ရေကြီးပါသည်။ နွေရာသီတွင် သီးနှံများရောင်းချချိန်ဖြစ်သော ကြောင့် ဝင်ငွေအသင့်သင့်ရှိပြီး မိုးရာသီနှင့်ဆောင်းရာသီတွင် စိုက်ပျိုးရိတ်သိမ်း ကုန်ကျစရိတ်များရှိသဖြင့် ထွက်ငွေအသင့်သင့်ရှိပါသည်။ ကျေးရွာ၏ ပွဲတော်ကာလအနေဖြင့် တန်ခူး၊ တော်သလင်း၊ တန်ဆောင်မုန်း လများတွင် ပွဲတော်များဆင်နွှဲကြပါသည်။ဆေးပုလဲကျေးရွာ၏အဆင်မပြေသောမိသားစုများမှအမျိုးသမီးများ သည်မွေးမြူရေးလုပ်ငန်းကိုတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။အမျိုးသားအချို့သည်ဆောက်လုပ်ရေးလုပ် ငန်းအဖြစ်နွေရာသီတွင် လူနေအိမ် ဆောက် လုပ်သည့် လုပ်ငန်းများကိုလဲ လုပ်ကိုင်ကြသည်။

ပါဝင်ဆွေးနွေးသူ၊ (၃၂)ဦး

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - နေတော  ဒုပ်စု - ညောင်ပင်သာ  နေ့စွဲ - ၃.၃.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | နွား(၂)ချဉ်းတိုက်၊သွပ်မိုး၊ဆိုလာကြီး၊ကား၊TV၊စလောင်း လယ်(၁၀)ကေ၊ရေစုပ်စက်၊စက်လှေ၊ဂွန်ဒေါင်း ၊ဆိုင်ကယ် | ၅၀ | ၂၆% |
| အလယ်အလတ် | နွား(၁)ချဉ်း၊အုပ်ဖိနပ်ခံ၊သွပ်မိုး၊ပျဉ်ကာ၊ဆိုင်ကယ်၊ လယ်(၂)ကေ၊ဆိုင်ကယ်၊လက်တော့TV၊စက်ဘီး | ၉၀ | ၄၆.၈% |
| နွမ်းပါး | သက်ကယ်မိုး၊ပကာအိမ်၊ထရံကာ၊စက်ဘီး | ၅၂ | ၂၇% |
| အနွမ်းပါးဆုံး | | | |
| စုစုပေါင်း | | ၁၉၂ | ၁၀၀% |

ပွဲပိုးကူညီသူ - နော်သြဂတ်စတီးနား  ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတောကျေးရွာ၏ ဥစ္စာခနဲ့ခွဲခြားမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၃-၃-၂၀၁၇။

ကျေးရွာ -နေတော

နေရာ၊ ဘုရားကျောင်း

နေတော အဓိကစီးပွားရေးအရင်းအမြစ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် ပျိုးကျဲခြင်းလုပ်ငန်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးကြပါသည်။ ဆေးပုလဲကျေးရွာ၏ အဆင်ပြေသောမိသားစုများ၏နေအိမ်များမှာ တိုက်၊ သွပ်မိုးအိမ်များဖြင့်နေထိုင်ကြပါသည်။ အလယ်လတ်မိသားစုများမှာ အုတ်ဖိနပ်ခံ၊ ကြမ်းခင်း၊ သွပ်မိုးအိမ်များဖြစ်ကြပါသည်။ ဂွန်ဒေါင်း၊ကား၊စက်လှေ၊ဆိုင်ကယ်၊ များကို အဆင်ပြေသော မိသားစုများအသုံးပြုကြပြီး ကျွဲ၊ နွားစသည်များကို အဆင်ပြေသောမိသားစုနှင့် အလယ်လတ်များ အားလုံး နီးပါးပိုင်ဆိုင်ကြပါသည်။လက်လုပ်လက်စားမိသားစုများမှာရာသီအလိုက်ကျပန်းအလုပ်များလုပ်ကိုင်ကြပါသ ည်။အလွန်နွမ်းပါးသောမိသားစုများမှာသက်ကယ်မိုးပကာအိမ်များပြုလုပ်ခါကြုံရာကျဘမ်းလုပ်ငန်းများကိုသ င့်သလိုလုပ်ကိုင်ကြပါသည်။

## ပြဿနာအနှစ်ချုပ်

ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်စားသောက်ကြပြီးလက်လုပ်လက်စားမိသားစု များမှာ အလုပ်အကိုင်ရှားပါးကြပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၃၁)ဦး

# အရင်းအမြစ်ပိုင်ဆိုင်အသုံးပြုမှု

ကျေးရွာ - နေတော    အုပ်စု - ညောင်ပင်သာ    နေ့စွဲ - ၃.၃.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဂက် | ဘက်ထရီ |
| မီးစက် | | အိမ် |
| | | ဆိုလာပြား |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | နွား |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပံ့ပိုးကူညီသူ - နော်ဩဂတ်စတီးနား    ပါဝင်သူ - ကျား (၂၅) + မ (၂၇)

<u>ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတောကျေးရွာ၏
အရင်းပိုင်ဆိုင်အသုံးပြုမှု သုံးသပ်ချက်များ</u>

ရက်စွဲ၊ ၃-၃-၂၀၁၇

နေရာ၊ ဘုရားကျောင်း

နေတောကျေးရွာ၏ အရင်းအမြစ် အသုံးပြုမှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ အသုံးပြုသောအရင်းအမြစ်များမှာဆိုလာ၊ထွန်စက်၊မီးစက်၊လယ်၊ဂက်၊နွား၊လှည်း၊TV၊လှည်း၊အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ အပ်ချုပ်စက်၊ ဘက်ထရီတို့ဖြစ်ပါသည်။အမျိုးသားများ အများဆုံးအသုံးပြုသော အရင်းအမြစ်များမှာ လှည်း၊ ထွန်စက်၊မီးစက် အသုံးပြုကြပါသည်။ ကျန်အရင်းအမြစ်များကိုမူ အတူတကွရယူသုံးစွဲကြပါသည်။အမျိုးသမီးများသည်ဂက်၊အပ်ချုပ်စက်၊စသည်တို့ကိုအသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်အသုံးချမှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ် အသုံးချမှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများအသုံးပြုနိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ -နေတော    အုပ်စု - ညောင်ပင်သာ    နေ့စွဲ - ၃.၃.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဂက် | လှေ |
| မီးစက် | | ဘက်ထရီ |
| နွား | | ဆိုလာ |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပံ့ပိုးကူညီသူ - ဦးဟန်ညီရှိ    ပါဝင်သူ - ကျား (၂၅) + မ (၂၇)

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတောကျေးရွာ၏ ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း သုံးသပ်ချက်များ**

ရက်စွဲ၊ ၂၀-၂-၂၀၁၇။ ကျေးရွာ -နေတော

နေရာ၊ ဘုရားကျောင်း


နေတောကျေးရွာ၏အရင်းအမြစ်ထိန်းချုပ်မှုခွဲခြမ်းစိတ်ဖြာခြင်းတွင်အမျိုးသား၊အမျိုးသမီးများ ထိန်းချုပ် သောအရင်းအမြစ်များမှာလည်း၊ထွန်စက်၊မီးစက်၊အပ်ချုပ်စက်၊ဂက်၊အိမ်၊နွား၊ဆိုင်ကယ်၊လယ်၊ ဘက်ထရီ၊ဆိုလာပြား၊စက်ဘီး၊TV၊တို့ဖြစ်ပါသည်။အမျိုးသားများအများဆုံးထိန်းချုပ်သောအရင်းအမြစ်များ မှာလည်း၊ထွန်စက်၊မီးစက်များကိုအသုံးပြုကြပါသည်။ကျန်အရင်းအမြစ်များကိုမူအတူတကွရယူသုံးစွဲကြပါ သည်။ အမျိုးသမီးများသည်ဂက်၊အပ်ချုပ်စက်၊တို့ကိုထိန်းချုပ်အသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်ထိန်းချုပ်မှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ် ထိန်းချုပ်မှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများထိန်းချုပ်နိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ -ကြက်တက်ညောင်ပင်　　အုပ်စု - ညောင်ပင်သာ　　နေ့စွဲ - ၃.၃.၂၀၁၇




ပံ့ပိုးကူညီသူ - ဒေါ်နော်သြဂတ်စတီးနား　　ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတော ပင်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား သုံးသပ်ချက်များ

ရက်စွဲ၊ ၃-၃-၂၀၁၇။

နေရာ၊ စာသင်ကျောင်း

| စဉ် | ကျေးရွာအတွင်းအဖွဲ့အစည်းများ | ပြင်ပအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ကျေးရွာဥက္ကဋ္ဌ | အုပ်စု အုပ်ချုပ်ရေး(ဥက္ကဋ္ဌ) |
| ၂ | ဘာသာရေး | ဘာသာရေး |
| ၃ | အမျိုးသမီးရေးရာ | တပ်မတော် |
| ၄ | အမျိုးသမီးခေါင် | ရဲတပ်ဖွဲ့ |
| ၅ | ကျောင်းကော်မတီ | ကျန်းမာရေးအဖွဲ့ |
| ၆ | နာရေးကူညီမှုအဖွဲ့ | |
| ၇ | ကာလသားခေါင်းဆောင် | |
| ၈ | ကြက်ခြေနီအဖွဲ့ | |


နေတောကျေးရွာအတွင်းအဖွဲ့အစည်းများမှာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ဂေါပကအဖွဲ့ အမျိုးသမီးရေးရာ၊အမျိုးသမီးခေါင် ၊ကျောင်းကော်မတီ၊နာရေးကူညီမှုအဖွဲ့၊ကာလသားခေါင်းဆောင်၊ ကြက်ခြေနီအဖွဲ့ တို့ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေး(ဥက္ကဋ္ဌ)၊ကျန်းမာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊တပ်မတော်၊ဘာသာရေး၊တို့ဖြစ်ပါသည်။

ကျေးရွာ၏အဓိကဖွံ့ဖြိုးရေးကိုလုပ်ဆောင်ပေးသောအဖွဲ့အစည်းများမှာ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊တို့ဖြစ်ပါသည်။ကျန်အဖွဲ့အစည်းများမှာလည်းတစ်ဖွဲ့နှင့်တစ် ဖွဲ့ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - [illegible] အုပ်စု - ညောင်ပင်သာ နေ့စွဲ - ၃.၃.၂၀၁၇




ပံ့ပိုးကူညီသူ - ဦးဟန်ညီချို ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတော ကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ချက်များ

ရက်စွဲ၊ ၃-၃-၂၀၁၇။ ကျေးရွာ - နေတော

နေရာ၊ ဘုရားကျောင်း

နေတောကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်အခြေအနေများကို ခေါင်းစဉ်တစ်ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ (၁) ကျန်းမာရေး၊ (၂) ပညာရေး၊ (၃) ဦးဆောင်မှု (၄) အလုပ်အကိုင်ရရှိမှု၊ (၅) အိမ်မှု ကိစ္စ၊ (၆) ဆုံးဖြတ်ချက်၊ (၇) ဝင်ငွေရှိမှု၊ (၈) လူမှုရေး တို့ဖြစ်ပါသည်။

(၁) ကျန်းမာရေး

နေတောကျေးရွာရှိအမျိုးသမီးများကျန်းမာရေးမှာ(၉၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသားများ၏ကျန်းမာရေးမှာ(၉၀)ရာခိုင်နှုန်းဖြစ်ပါသည်။အမျိုးသမီးများသည်အိမ်တွင်းမှာသာနေထိုင်၍အိမ်မှုကိစ္စများလုပ်ကိုင်နေရသဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။

(၂) ပညာရေး

နေတောကျေးရွာရှိအမျိုးသား/အမျိုးသမီးများ၏ ပညာရေးလက်လှမ်းမီမှု သုံးသပ်ချက်တွင် အမျိုးသား/သမီးတန်းတူ(၇၀)ရာခိုင်နှုန်းရှိပါသည်။ကျေးရွာတွင်မူလတန်းကျောင်းသာရှိပြီး ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက်(၆)မိုင်ခန့်ဝေးသောကျောက်ကြီး(အထက)ကျောင်းသို့လည်းကောင်း၊ငထွေစုတ်ကျေးရွာ(အ.ထ.က)ကျောင်းသို့လည်းကောင်းသွားရောက်ကြရပါသည်။ကျောင်းသား/သူများသည်မိုးတွင်းအခါတွင်ရွှံ့ဗွက်များကိုဖြတ်ခါသွားလာရသဖြင့်လမ်း ခရီးခက်ခဲကြမ်းတမ်းလှပါသည်။ ကျောင်းသား/သူများသည်သွားလာရေးခက်ခဲသဖြင့် ပညာသင်ကြားရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အမျိုးသား/သမီးအားလုံးပညာသင်ကြားမှုတွင် (၇၀)ရာခိုင်နှုန်းသာရှိကြ ပါသည်။

(၃) ဦးဆောင်မှု

အမျိုးသားနှင့်အမျိုးသမီးဦးဆောင်မှုတွင်အမျိုးသားများသည်ဦးဆောင်မှုပိုကာ(၆၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသမီးများသည်ဦးဆောင်မှုတွင်အမျိုးသားများထက်နည်းသောရာခိုင်နှုန်းဖြင့်တည်ရှိနေပါသည်။အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းသာရှိရခြင်းမှာမိသားစုစားသောက်ရေးအတွက်အိမ်မှု

ကိစ္စများကိုလုပ်ဆောင် နေရ ခြင်းနှင့် မိမိကိုယ်တိုင် ဦးဆောင်နိုင်ရန်ယုံကြည်မှု အားနည်းနေခြင်းကြောင့် ဖြစ်ပါသည်။

(၄) အလုပ်အကိုင်ရရှိမှု

ကျေးရွာရှိအမျိုးသားများသည်စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းတွင် (၈၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းသာရှိပါသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်လုပ်လက်စားနေ့စားလုပ်ငန်းများတွင်အမျိုးသားများကသာဦးဆောင်လုပ်ကိုင်နေရခြင်းကြောင့် အလုပ်အကိုင်ရရှိမှုတွင်အမျိုးသမီးများထက်အမျိုးသားများကရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။အမျိုးသမီးများသည်ကောက်စိုက်ချိန်များတွင်သာ လယ်ယာစိုက်ပျိုးရေးကိုလုပ်ဆောင်ကြရသည်။

(၅) အိမ်မှုကိစ

ကျေးရွာ၏ အိမ်မှုကိစ္စဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည် (၃၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသမီး များသည် အိမ်မှုကိစ္စတွင် (၁၀၀)ရာခိုင်နှုန်းပါဝင်ဆောင်ရွက်ကြရသည်။ အမျိုးသမီးများသည် အမျိုးသားများ ထက် ရာခိုင်နှုန်းများနေရခြင်းမှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ သား/သမီးများ၏ ဝေယျာဝစ္စများကို နေ့စဉ်လုပ်ဆောင်ပေးရခြင်းကြောင့်ဖြစ်ပါသည်။အမျိုးသားများ၏ အိမ်မှုကိစ္စတွင် ပါဝင်ကူညီမှု အလွန်အားနည်းနေသည်ကိုလဲ သိရှိရပါသည်။

(၆) ဆုံးဖြတ်ချက်

ဆုံးဖြတ်ချက်ချမှုကဏ္ဍတွင် အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ဆုံးဖြတ်ချက်နိုင်မှုမှာ (၅၀)ရာခိုင်နှုန်းရှိပါသည်။ ဆေးပုလဲကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများအား အကြံဉာဏ် ကောင်းများပေးနိုင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးပါသည်။

(၇) ဝင်ငွေရရှိမှု

ကျေးရွာ၏ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများ သည်(၅၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများသည်ဝင်ငွေရရှိမှုတူနေရခြင်းမှာအလုပ်အကိုင်အခွင့်အလမ်းနည်းသော်လည်းဝင်ငွေရရှိမှုတွင်အမျိုးသားနှင့်တန်းတူရရှိစေရန် ကောက်စိုက်၊ပဲနှုတ်၊ အလုပ်များကို ရာသီချိန်တိုင်း ဝင်ရောက်လုပ်ကိုင်သဖြင့် ဝင်ငွေတန်းတူရရှုပါသည်။


(၈)လူမှုရေး။

ကျေးရွာ၏လူမှုရေးလုပ်ငန်းတွင်အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်း ရှိပါသည်။မျိုသားများသည်အဖွဲ့အစည်းများတွင်ဝင်ရောက်၍လုပ်ကိုင်ဆောင်ရွက်သလို အမျိုးသမီးများကလဲ ကျေးရွာတိုးတက်ရေးနှင့် သာရေး၊နာရေးများတွင် ကျရာလူမှုရေးတာဝန်များကို အမြဲလုပ်ဆောင်နေပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# ပြဿနာသစ်ပင်

ကျေးရွာ - နေတော                    အုပ်စု - ညောင်ပင်သာ                    နေ့စွဲ - ၃.၃.၂၀၁၇




ပံ့ပိုးကူညီသူ - နော်သြဂတ်စတီးနား                    ပါဝင်သူ - ကျား ( ၂၅) ၊မ(၂၇)

**<u>ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ နေတော ကျေးရွာ၏ လမ်းဒုက္ခအခက်အခဲပြဿနာသစ်ပင် သုံးသပ်ချက်</u>**

ရက်စွဲ၊ ၃-၃-၂၀၁၇။

နေရာ စာသင်ကျောင်း

နေတောကျေးရွာတွင်လမ်းအခက်အခဲပြဿနာကြောင်းရင်းမှာသံကွင်းစွပ်ကျွဲနွား၊လှည်းများ မောင်း၍သော်လည်းကောင်း၊မိုးတွင်းအခါတွင်ထော်လာဂျီများမောင်း၍သော်လည်းကောင်း၊လမ်းသည်မြေ သားလမ်းဖြစ်သောကြောင့်လည်ကောင်း၊မြစ်ရေကြီးခြင်းကြောင့်လည်းကောင်းလမ်းများသည်တာရှည်အသုံး မခံပဲပျက်စီးရပါသည်။လမ်းများပျက်စီးရခြင်းကြောင့်ညီညာမှုမရှိသောလမ်းပေါ်တွင်သွားလာရခြင်းနှင့်ကျန်း မာရေးနောက်နေးခြင်း၊စီးပွားရေးနောက်နေးခြင်း၊ကျောင်းသားကျောင်းသူများ ကျောင်းသွားရာတွင်အခက်အခဲ များကြုံတွေ့ရသည်။ထို့အပြင်အရေးပေါ် ကျန်းမာရေးပြဿနာများကိုလည်း အချိန်မှီကုသနိုင်ရန်အတွက် လွန်စွာ ခက်ခဲလှပါသည်။နှစ်စဉ် မိုးရာသီတွင် လမ်းများပေါ် ရေကျော်သည့် အကျိုးရလဒ်ကိုလည်း ကြုံတွေ့ခံစားရပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# အမျိုးသားများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - နေတော အုပ်စု - ညောင်ပင်သာ နေ့စွဲ - ၃ .၃ .၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | မြေသားလမ်းဖြစ်၍မိုးရာသီတွင်ဗွက်ထ၍သွားလာရေးခက်ခဲ | ကျား |
| ၂ | ပညာသင်ကြားရာတွင်ဆရာ/ဆရာမ မလုံလောက်သဖြင့် ကျောင်းသားများပညာရေးအခက်အခဲ | ကျား |
| ၃ | ကျန်းမာရေးအသက်အန္တရာယ်အရေးပေါ် အခြေအနေတွင် ဆေးကုသနိုင်ရန်နေရာခက်ခဲ | ကျား |
| ၄ | စာကြည့်တိုက်မရှိသဖြင့်ကျေးရွာသူ/သားများဗဟုသုတအသိ ဉာဏ်နည်းပါးသည်အခက်အခဲ | ကျား |
| ၅ | လျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်ပိုးမွှားအန္တရာယ်ကြုံ၍ လူနေမှုနိမ့်ကျသည့်အခက်အခဲ | ကျား |
| ၆ | စာသင်ဆောင်မလုံလောက်သဖြင့်ကလေးများစာသင်ရန်အခက်အခဲ | ကျား |
| ၇ | | |
| ၈ | | |

ပံ့ပိုးကူညီသူ - ဦးဟန်ညီချို ပါဝင်သူ - ကျား ( ၄၉)ဦး၊

# အမျိုးသမီးများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ - နေတော  အုပ်စု - ညောင်ပင်သာ  နေ့စွဲ - ၃.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | မြေသားလမ်းဖြစ်၍မိုးရာသီတွင်ဗွက်ထ၍သွားလာရေးခက်ခဲ | မ |
| ၂ | ပညာသင်ကြားရာတွင်ဆရာ/ဆရာမ မလုံလောက်သဖြင့် ကျောင်းသားများပညာရေးအခက်အခဲ | မ |
| ၃ | ကျန်းမာရေးဆရာ/ဆရာမမရှိ၍ကျန်းမာရေးအတွက်လွယ်ကူစွာမကုသနိုင်သည့်အခက်အခဲ | မ |
| ၄ | ကျန်းမာရေးအသက်အန္တရာယ်အရေးပေါ် အခြေအနေတွင် ဆေးကုသနိုင်ရန်နေရာခက်ခဲ | မ |
| ၅ | အပ်ချုပ်စက်သင်တန်းများမရှိသဖြင့် စီးပွားရေး၊စားဝတ်နေရေးဆုံးရှုံးမှုများကြုံရသည်အခက်အခဲ | မ |
| ၆ | လျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်ပိုးမွှားအန္တရာယ်ကြုံ၍ လူနေမှုနိမ့်ကျသည့်အခက်အခဲ | မ |
| | | |

ပွဲပိုးကူညီသူ -နော်ဩဂတ်စတီးနား  ပါဝင်သူ - မ(၅၂)ဦး

# ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်

ကျေးရွာ - နေတော　　　အုပ်စု - ညောင်ပင်သာ　　　နေ့စွဲ - ၃.၃.၂၀၁၇

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်(ကျား) | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်( မ ) |
|---|---|---|
| ၁ | ရွာတွင်းလမ်း၊တံတားကောင်း၍သွားလာရေးစီးပွားရေး၊ကျန်းမာရေးများတိုးတက်ကောင်းမွန်လာမည်။ | လျှပ်စစ်မီးရှိလျှင်ကျေးရွာဖွံ့ဖြိုးတိုးတက်လာပြီးညအခါပိုးမွှားအန္တရာယ်ကင်း၍ကလေးများစာကျက်ချိန်ပိုလာမည်။ |
| ၂ | စာကြည့်တိုက်ရှိလာလျှင်အသိဉာဏ်ပညာဗဟုသုတတိုးပွားလာမည်။ | လမ်း၊တံတားကောင်းလျှင်သွားလာရလွယ်ကူပြီးပညာရေး၊ကျန်းမာရေး၊ကုန်သွယ်မှုနှင့်စီးပွားရေးကောင်းမွန်လာမည်။ |
| ၃ | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှုအလွယ်တကူရယူသုံးစွဲနိုင်မည်။ | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှုအလွယ်တကူရယူသုံးစွဲနိုင်မည်။ |
| ၄ | လုံလောက်သောဆရာ/မရရှိလာလျှင်ကျောင်းသားကျောင်းသူများပညာသင်ကြားရာတွင် လွယ်ကူအစဉ်ပြေမည်။ | လုံလောက်သောဆရာ/မရရှိလာလျှင်ကျောင်းသားကျောင်းသူများပညာသင်ကြားရာတွင် လွယကူအစဉ်ပြေမည်။ |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းများရှိ၍အသိပညာ ဗဟုသုတ တိုးပွားလာပြီး၊စီးပွားရေး တိုးတက်လာမည် | ကျန်းမာရေးဆရာ/မများရှိလျှင်အချိန်မရွေးကုသနိုင်မည်။ |
| ၆ | လျှပ်စစ်မီးလင်း၍ပညာရေးတိုးတက်လာပြီးကျေးရွာ လူထုများလူနေမှုမြင့်မားလာမည်။ | |
| ၇ | လုံလောက်သောစာသင်ဆောင်လိုချင်ပါသည် | |
| ၈ | | |

ကူညီပံ့ပိုးသူ -ဦးဟန်ညီချို　　　ပါဝင်သူ - ကျား ( ၄၉)　၊မ(၂၅၂)

# ကျေးရွာဦးစားပေးဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ကျေးရွာ - နေတော                    အုပ်စု - ညောင်ပင်သာ                    နေ့စွဲ - ၃.၃.၂၀၁၇

| စဉ် | အမျိုးသားဦးစားပေး | အမျိုးသမီးဦးစားပေး |
|---|---|---|
| ၁ | ရွာတွင်း၊ရွာချင်းဆက်၊လမ်းတိုးချဲ့ပြုပြင်ရန် | ရွာချင်းဆက်၊လမ်းတိုးချဲ့ပြုပြင်ရန် |
| ၂ | ကျောင်းဆရာ/မ(၃)ဦး | ရွာတွင်း၊လမ်းတိုးချဲ့ပြုပြင်ရန် |
| ၃ | ကျောင်းဆောင်တိုးချဲ့/ပြုပြင် | စာသင်ကျောင်းဆောင်တိုးချဲ့/ပြုပြင် (ဘုံဘိုင်) |
| ၄ | စာကြည့်တိုက် | ဆေးပေးခန်း |
| ၅ | ဆေးပေးခန်း | လျှပ်စစ်မီး |
| ၆ | ဆိုလာမီး | စာသင်ကျောင်းဆောက်ရန် |
| ၇ | စိုက်ပျိုးမွေးမြူရေးသင်တန်း | အပ်ချုပ်၊စိုက်ပျိုးမွေးမြူရေးသင်တန်း |
| ၈ | | ကျောင်းဆရာ/မ(၃)ဦး၊ကျန်းမာရေးဆရာ/မ |

ပံ့ပိုးကူညီသူ - ဦးဟန်ညီချို                    ပါဝင်သူ - ကျား ( ၄၉)  ၊မ(၅၂)

# ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ကျေးရွာ - နေတော    အုပ်စု - ညောင်ပင်သာ    နေ့စွဲ - ၃.၃.၂၀၁၇

| စဉ် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ | အဆိုပြုသူ (ကျား/မ) | ဦးစားပေး အဆင့် | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ အရေအတွက် |
|---|---|---|---|---|---|
| ၁ | စာသင်ဆောင်ပြုပြင်တိုးချဲ့ | ကျား/မ | ၁ | ၁၈၀၀၀၀၀၀ | ၁၀၃၉ ဦး |
| ၂ | ရွာတွင်းလမ်းပြုပြင် | ကျား | ၂ | | ၁၀၃၉ ဦး |
| ၃ | ကျောင်းခြံစည်းရိုးကာရံခြင်း | ကျား/မ | ၃ | ၅၀၀၀၀၀၀ | ၁၀၃၉ ဦး |
| ၄ | စက်ရေတွင်း | ကျား/မ | ၄ | ၄၅၀၀၀၀၀ | ၁၀၃၉ ဦး |
| ၅ | ဆေးပေးခန်း | ကျား/မ | ၅ | ၇၀၀၀၀၀၀ | ၁၀၃၉ ဦး |
| ၆ | အားကစားကွင်း | ကျား/မ | ၆ | ၁၀၀၀၀၀၀၀ | ၁၀၃၉ ဦး |
| ၇ | စာကြည့်တိုက် | ကျား/ မ | ၇ | ၄၅၀၀၀၀၀ | ၁၀၃၉ ဦး |
| | | | | | |

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - နေတော          အုပ်စု - ညောင်ပင်သာ          နေ့စွဲ - ၃.၃.၂၀၁၆

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးဘာဘူလာလ် | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၂။ | ဒေါ်လှလှဝင်း | ကျေးရွာစီ/ထောက်ဥက္ကဋ္ဌ |
| ၃။ | ဦးဆန်းအောင် | ဂယ်ယူရေးကော်မတီဥက္ကဋ္ဌ |
| ၄။ | ဒေါ်ကျင်လကီး | ဂယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅။ | ဦးအောင်မင်း | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ |
| ၆။ | ဒေါ်ကျင်မိုးသီး | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၇။ | ဦဝင်းနိုင် | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ |
| ၈။ | ဒေါ်ဟီးရာမိုးသီး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၉။ | ဦးမောင်လှ | အကြံပြုကိုယ်စားလှယ် |
| ၁၀။ | ဒေါ်ဒေးယာဝတီ | အကြံပြုကိုယ်စားလှယ် |
| ၁၁။ | ဦးမောင်ထွေး | ငွေစာရင်းကိုင် |
| ၁၂။ | ဦးရမ်းနရေစ် | စေတနာ့ဝန်ထမ်း |
| ၁၃။ | ဒေါ်ယွန်းသီရိ | စေတနာ့ဝန်ထမ်း |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ကိုနေသူရိန် | ၀၉၄၇၃၄၀၂၂၆၃ | ဦးကိုထွန်း |

| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဧဘာလဲဒေါ | ကျေးရွာ ဒေါ်တော |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) အိန္ဒိယ | ၅၃ | ဘာသာ (၁) ဟိန္ဒူ | ၅၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) အိန္ဒိယ | ၁၈၆ | ၁၈၂ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၇ | ၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/(မရှိပါ)/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်--------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?    မိုင်---2----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---00:၂0----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---00:20------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ    ☐ ရှိပါသည်    ရှိလျှင်ဖော်ပြပါ ----------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ    ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်    အမည် [illegible]

လက်မှတ် [signature]    နေ့စွဲ 3. 3. 2017

လူထုစည်းရုံးရေးမှူး    အမည် [illegible]

လက်မှတ် [signature]    နေ့စွဲ 3. 3. 2017

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမြောက်တိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် – ဦး ကိုရင် | | | |
| နေ့စွဲ - ၃ - ၃ - ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု – ဘောပလော | ကျေးရွာ – ဘောတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂-၃-၂၀၁၇ | ၂-၃-၂၀၁၇ | ၃၉ | ၄၈ | ၅၃ | [illegible] | ၅၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃.၃.၂၀၁၇ | ၃.၃.၂၀၁၇ | ၃၉ | ၄၈ | ၅၃ | [illegible] | ၅၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃.၅.၂၀၁၇ | ၃.၅.၁၇ | ၃၂ | ၁၈ | ၆၀ | ဗမာ / [illegible] | ၁၃ / ၇၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၀.၃.၁၇ | ၂၈.၄.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 3/5/17 | 3/5/17 | ၁၅ | ၉ | 24 | [illegible] | ၅၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၅.၂၄ | ၃.၅.၂၄ | ၃၅ | ၉ | ၅၃ | [illegible] | ၅၃ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၅.၂၄ | ၃.၅.၂၄ | ၃၅ | ၉ | ၅၃ | [illegible] | ၅၃ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၃.၅.၂၄ | ၃.၅.၂၄ | ၃၅ | ၉ | ၅၃ | [illegible] | ၅၃ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဂန်ကမ်း အမည် | | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ကျွန်းပင်သာ | ကျေးရွာ<br>ရွာတော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင်လမ်းများမကောင်း၍ သွားလာရေးခက်ခဲ. | ၁ | မိုးရာသီတွင် ရွှံ့များထူ၍ လမ်းများ မကောင်းသဖြင့် သွားလာရေးခက်ခဲ |
| ၂ | စာသင်ကျောင်း မရှိသောကြောင့် ကလေးများ ပညာသင်ရခက်ခဲ. | ၂ | ရွာဝင်တံတား ခိုင်ခံ့မှု မရှိ၍ အန္တရာယ်ရှိ ခြင်း |
| ၃ | မိုးရာသီရေကျော်ကြောင့် ကျော်ကာ မျက်စီးကာ သွားလာရခက်ခဲ. | ၃ | စာသင်ကျောင်း မရှိသောကြောင့် ကလေးများ ပညာသင်ရခက်ခဲ. |
| ၄ | လျှပ်စစ်မီး မရှိ၍ ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်းက ကလေးများ စာကြည့်ရခက်ခဲ. | ၄ | ကလေးများ ဗဟုသုတနည်းပါး ခြင်း |
| ၅ | | ၅ | ကျန်းမာရေး ဆေးပေးခန်း မရှိ၍ ကျန်းမာရေး စောင့်ရှောက်ရန်ခက်ခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်း လမ်းကို ကွန်ကရစ်လမ်း ဖြစ်ချင် | ၁ | လယ်ကွင်းတွေသို့ သွားလာလွယ်ကူသော လမ်း |
| ၂ | စာသင်ကျောင်းဆောင်များ ပိုကောင်းသော ကျောင်းဆောင် ဖြစ်ချင် | ၂ | ကောင်းမွန်ခိုင်ခံ့သော တံတား |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လမ်း ၊ တံတားများ ဖို့ကြ ကောင်းမွန်ချင် | ၃ | ပြီးပြည့်စုံတဲ့ စာသင်ကျောင်း ရှိချင် |
| ၄ | လျှပ်စစ်မီး သုံးရချင် | ၄ | ရေကြည်ရှိ တိုက်ရိုက်သော ရေသောက်သုံး ရချင် |
| ၅ | | ၅ | ပြီးပြည့်စုံတဲ့ ဆေးပေးခန်း ရှိချင် |
| ၆ | | ၆ | |
| ၇ | | ၇ | |

၇။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျောင်းဆောင် တိုးချဲ့ခြင်း နှင့် ခြံစည်းရိုး ကာရံခြင်း | ကျား + မ | ၁၆၀၀၀၀၀၀ | |
| ၂ | ရွာတွင်းလမ်း ပြုပြင်ခြင်း + တံတား | ကျား + မ | | |
| ၃ | မီး လင်း ရေး | ကျား | | |
| ၄ | စာကြည့်တိုက် | မ | | |
| ၅ | ဆေးပေးခန်း | မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆိုင်ကယ်ပြုပြင်သင်တန်း | အမျိုးသားသင်တန်းသား | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- [illegible] ---- လက်မှတ် ---- [illegible] ---- နေ့စွဲ ---- ၈. ၈. 2017 ----

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးလှိုင်ဝေ |
| နေ့စွဲ 5-3-2017 — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး — မြို့နယ် ကျောက်ကြီး — ကျေးရွာအုပ်စု ဆောင်းဝင်ဆာ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဆောင်းဝင်ဆာ | ရေမြောင်း | 3'x2½'x1200' | ၄၅၉၄ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၂၀၀၀၀၀၀ | | | | ၁၂၀၀၀၀၀၀ |
| | လမ်း | 3800'x12'x2' | ၄၅၉၄ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၀၀၀၀၀၀၀ | | | | ၁၀၀၀၀၀၀၀ |
| ကြက်တက်ချောင်း ပင် | ကျောင်း မြေမြှင့်ခြင်း | 60'x30'x12' | ၁၀၃၅ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၀၀၀၀၀၀၀ | | | | ၁၀၀၀၀၀၀၀ |
| နွေဆာ | ကျောင်းမြေမြှင့် | 60'x30'x12' | ၃၆၈ | ☐ ကျား ☐ မ ☑ ကျား + မ | ၁၅၀၀၀၀၀၀ | | | | ၁၅၀၀၀၀၀၀ |
| | ကျောင်းခြံစည်း ရိုး | 600'x6' | ၃၆၈ | ☐ ကျား ☐ မ ☐ ကျား + မ | ၃၅၀၀၀၀၀ | | | | ၃၅၀၀၀၀၀ |

ရာထူး ကျေးရွာအုပ်စု ဗိ/ထောက်ကော်မတီ ဥက္ကဋ္ဌ — လက်မှတ် — ရက်စွဲ ၅-၃-၂၀၁၇

ဦးချို သိန်း

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၂ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၃ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၄ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၅ | မရှိ | ☐ မ ☐ ကျား | – | – |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | အိမ်တွင်းမှုပညာ သင်တန်း | ☑ မ ☑ ကျား | [illegible] | မရှိ |
| | ၂ | စိုက်ပျိုးရေး သင်တန်း | ☑ မ ☑ ကျား | – | မရှိ |
| | ၃ | တိရစ္ဆာန်မွေးမြူရေး သင်တန်း | ☑ မ ☑ ကျား | – | မရှိ |
| | ၄ | – | ☐ မ ☐ ကျား | – | – |
| | ၅ | – | ☐ မ ☐ ကျား | – | – |
| ပညာရေး ကျန်းမာရေး | ၁ | [illegible] | ☑ မ ☑ ကျား | [illegible] | မရှိ |
| | ၂ | – | ☐ မ ☐ ကျား | – | – |
| | ၃ | – | ☐ မ ☐ ကျား | – | – |
| | ၄ | – | ☐ မ ☐ ကျား | – | – |
| | ၅ | – | ☐ မ ☐ ကျား | – | – |
| ငွေကြေး | ၁ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၂ | မရှိ | ☐ မ ☐ ကျား | – | – |
| | ၃ | မရှိ | ☐ မ ☐ ကျား | – | – |

| | | | | | |
|---|---|---|---|---|---|
| | ၄ | မရှိ | ☐ မ<br>☐ ကျား | – | – |
| | ၅ | မရှိ | ☐ မ<br>☐ ကျား | – | – |
| အခြား | ၁ | ဘာသာတရားအဆောက်အဦး | ☑ မ<br>☑ ကျား | [illegible] | မရှိ |
| | ၂ | – | ☐ မ<br>☐ ကျား | – | – |
| | ၃ | – | ☐ မ<br>☐ ကျား | – | – |
| | ၄ | – | ☐ မ<br>☐ ကျား | – | – |
| | ၅ | – | ☐ မ<br>☐ ကျား | – | – |

၂၀၁၇ခုနှစ်မတ်လ(၂)ရက်နေ့နှင့်(၃)ရက်နေ့တွင်ညောင်ပင်သာကျေးရွာအုပ်စု၊နေတောကျေးရွာဘုရားကျောင်းတွင်ကျင်းပပြုလုပ်သောလူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီ၊ဆပ်ကော်မတီများဖွဲ့စည်း ခြင်းအစည်းအဝေးမှတ်တမ်း

၁။အစည်းအဝေးတက်ရောက်ကြသူများ

အောက်ဖေါ်ပြပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးဟန်ညီချို | လက်ထောက်နည်းပညာ |
| ၂။ | ဒေါ်သြဂုတ်စတီးနား | လူထုစည်းရုံးရေးမှူး |
| ၃။ | ကျေးရွာလူထု | PC-12 |

၂။အစည်းအဝေးမတက်ရောက်ကြသူများ

မရှိ

၃။ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်းနှင့်ပါတ်သတ်ပြီးကျေးရွာလူထုအားရှင်းလင်းစွာနားလည်သဘောပေါက်စေရန်နှင့်ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ရန်။

ကျေးရွာ၏အခြေအနေကိုအကဲဖြတ်ပြီးဦးစားပေးလုပ်ငန်းများဖေါ်ထုတ်ရန်၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရန်နှင့်ကျေးရွာကော်မတီဝင်များဖွဲ့စည်းရန်။

၄။ဆွေးနွေးချက်များ

လူထုစည်းရုံးရေးမှူးမှစီမံကိန်းရည်ရွယ်ချက်များနှင့်စီမံကိန်းမိတ်ဆက်(၁၁)ချက်အားရှင်းလင်းပြောကြားခဲ့သည်။လူထုစည်းရုံးရေးမှူးမှဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်နှင့်စီမံကိန်းနှင့်ပတ်သတ်သူများ၏ဆောင်ရန်ရှောင်ရန်များအားရှင်းလင်းပြောကြားခဲ့သည်။စီမံကိန်းနှင့်သတ်ဆိုင်သောသူများ၏တာဝန်ဝတ္တရားများအားလက်ထောက်နည်းပညာမှူးမှကျေးရွာလူထုအားရှင်းလင်းပြောကြားခဲ့သည်။ထို့နောက်တွင်ကျေးရွာစေတနာဝန်ထမ်းအမျိုးသမီး(၁)ဦးနှင့်အမျိုးသား(၁)ဦးအားကျေးရွာလူထု၏သဘောဆန္ဒအတိုင်းရွေးချယ်ခဲ့သည်။

နေ့လည်ပိုင်းတွင်ကျေးရွာအရင်းအမြစ်များကိုဖေါ်ထုတ်ရန်တက်ရောက်လာသောကျေးရွာလူထုအားအဖွဲ့နှစ်ဖွဲ့ခွဲ၍ဆွေးနွေးခဲ့ရာတွင်အဖွဲ့တစ်ဖွဲ့မှကျေးရွာမြေပုံ၊ရာသီခွင်ပြပြက္ခဒိန်နှင့်ဥစ္စာဓနကြွယ်ဝမှုတို့အားလူထုစည်းရုံးရေးမှူးနှင့်အတူဖေါ်ထုတ်ဆွေးနွေးခဲ့ကြသည်။ကျန်တစ်ဖွဲ့မှာလက်ထောက်နည်းပညာမှူးနှင့်အတူအမျိုးသမီးပင့်ကူအိမ်နှင့်အမျိုးသားပင့်ကူအိမ်၊ပိုင်ဆိုင်မှုထိန်းချုပ်မှုနှင့်အဖွဲ့အစည်းချိတ်ဆက်ပြဇယားတို့အားဖေါ်ထုတ်ဆွေးနွေးခဲ့ကြသည်။ထို့နောက်တွင်အဖွဲ့နှစ်ဖွဲ့အားပေါင်း၍ဆွေးနွေးခဲ့မှုများအားပြန်လည်ရှင်းပြခဲ့ကြသည်။ပထမနေ့အစည်းအဝေးအားညနေ(၀၄း၀၀)နာရီတွင်ရုတ်သိမ်းခဲ့ကြသည်။

မတ်လ(၃)ရက်နေ့မနက်ပိုင်းတွင်အစည်းအဝေးကိုပြန်လည်စတင်ခဲ့ပြီးတက်ရောက်လာသောကျေးရွာလူထုများအားအမျိုးသားတစ်ဖွဲ့အမျိုးသမီးတစ်ဖွဲ့ခွဲ၍အမျိုးသားအခက်အခဲ၊အမျိုးသားမျှော်မှန်းချက်၊အမျိုးသားဦးစားပေးလုပ်ငန်းနှင့်အမျိုးသမီးအခက်အခဲ၊အမျိုးသမီးမျှော်မှန်းချက်၊အမျိုးသမီးဦးစားပေးလုပ်ငန်းတို့အားလူထုစည်းရုံးရေးမှူးနှင့်လက်ထောက်နည်းပညာမှူးတို့မှဦးဆောင်၍ဆွေးနွေးခဲ့ကြသည်။ဆက်လက်၍အမျိုးသားဦးစားပေးလုပ်ငန်းများနှင့်အမျိုးသမီးဦးစားပေးလုပ်ငန်းများကိုကျေးရွာဦးစာပေးလုပ်ငန်းများအဖြစ်ဦးစားပေးအလိုက်မဲခွဲ၍ရွေးချယ်ခဲ့ရာရွာတွင်းလမ်းပြုပြင်ခြင်းလုပ်ငန်းအားပထမနှစ်ဦးစားပေးလုပ်ငန်းအဖြစ်ကျေးရွာလူထုမှသဘောတူဆုံးဖြတ်ခဲ့ကြသည်။

နေ့လည်ပိုင်းတွင်လူထုစည်းရုံးရေးမှူးမှကော်မတီဝင်များ၏တာဝန်ဝတ္တရားများနှင့်ကော်မတီဖွဲ့စည်းပုံအားရှင်းပြခဲ့သည်။ထို့နောက်တွင်ကျေးရွာလူ၏သဘောဆန္ဒအတိုင်းကော်မတီဝင်များအားကျေးရွာ၏အပိုင်းစုံမှပါဝင်နိုင်ရန်မဲခွဲရွေးချယ်ခဲ့ကြသည်။

၅။ဆုံးဖြတ်ချက်များ

| စဉ် | ဆုံးဖြတ်ချက် | ဆောင်ရွက်ရန် |
|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် (ဥက္ကဌ)အမျိုးသား | ဦးဘာဘူလာလ် |
| ၂။ | ကျေးရွာစီ/ထောက် (ဥက္ကဌ) အမျိုးသမီး | ဒေါ်လှလှဝင်း |
| ၃။ | ကျေးရွာဝယ်ယူရေးဆပ်ကော်မတီ | ဦးဆန်းအောင် |
| ၄။ | ကျေးရွာဝယ်ယူရေးဆပ်ကော်မတီ | ဒေါ်ကျင်လကီး |
| ၅။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဦးအောင်မင်း |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဒေါ်ကျန်းမိုးသီး |
| ၇။ | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေး | ဦးဝင်းနိုင် |
| ၈။ | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေး | ဒေါ်ဟီရာမိုးသီ |
| ၉။ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ဦးမောင်လှ |
| ၁၀။ | ဝေဖန်အကြံပြုကိုယ်စားလှယ် | ဒေါ်ဒေးယာဝတီး |
| ၁၁။ | ကျေးရွာငွေစာရင်းကိုင် | ဦးမောင်ထွေး |
| ၁၂။ | စေတနာ့ဝန်ထမ်း | ဦးရမ်နရေစ် |
| ၁၃။ | စေတနာ့ဝန်ထမ်း | ဒေါ်ယွန်းသီရိ |

ဆွေးနွေးရန်မရှိပါသဖြင့်ညနေ(၀၄း၀၀)နာရီအချိန်တွင်အစည်းအဝေးရုတ်သိမ်းခဲ့ပါသည်။

အတည်ပြုသူမှတ်တမ်းတင်သူ

| | |
|---|---|
| လက်မှတ်- | လက်မှတ် |
| အမည်- | အမည် ဦးကိုထူး |
| ရာထူး- | ရာထူး လူထုစည်းရုံးရေးမှူး |